***Pro-democracy platform advocacy: Fostering social media’s accountability to dissident voices under authoritarianism (ProPA)***

အာဏာရှင်လက်ထက် အတိုက်အခံများ၏ အသံများအပေါ် လူမှုကွန်ရက်များ၏ တာဝန်ခံမှု၊ တာဝန်ယူမှု အကြောင်းအရာနှင့် ပတ်သတ်၍ “Pro-democracy platform advocacy: Fostering social media’s accountability to dissident voices under authoritarianism (ProPA)” ဟု အမည်ရသော လေ့လာမှုတွင်ပါဝင်ရန် လူကြီးမင်းအား ဖိတ်ခေါ်လိုပါသည်။ လူကြီးမင်း၏ လွတ်လပ်သောကိုယ်ပိုင်ဆန္ဒနှင့် ဆုံးဖြတ်ချက်အား လေးစားသောအားဖြင့် သုတေသနတွင် ပါဝင်ရန် ငြင်းဆိုပါကလည်း ဖိအားပေးမှု တစ်စုံတရာ ရှိမှာမဟုတ်သကဲ့သို့ နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုလည်းရှိလာမည် မဟုတ်ကြောင်းကို ပြောကြားလိုပါသည်။ ယခုလေ့လာမှုတွင် ပါဝင်ခြင်း မပါဝင်ခြင်း နှင့်ပတ်သတ်၍လည်း လုံလောက်သောအချိန်ရယူ စဉ်းစားရန်တိုက်တွန်းလိုပါသည်။ ပါဝင်ဖြေဆိုနေစဉ် သုတေသနပြုလုပ်သူ၏ မေးခွန်းများအား မရှင်းလင်းပါကလည်း မည်သည့်အချိန်တွင်မဆို ပြန်လည်ရှင်းလင်းပေးရန်တောင်းဆိုနိုင်ပါသည်။ ပါဝင်ဖြေဆိုမှု (စာဖြင့်ရေးသားဖြေဆိုခြင်းဖြစ်စေ၊ စကားပြော ဖြေဆိုခြင်းဖြစ်စေ) ကိုလည်း အချိန်မရွေး ရပ်တန့်နိုင်မှာဖြစ်ပြီး ဒီလိုရပ်တန့်ရခြင်းအတွက်ကိုလည်း အခြားသော အကြောင်းပြချက် တစ်စုံတရာဖော်ပြရန်လိုအပ်မှာ မဟုတ်ကြောင်းကိုလည်း အသိပေးလိုပါသည်။ ယခုလေ့လာမှုနဲ့ပတ်သတ်သော အချက်အလက်များနှင့် မည်သို့ အကောင်အထည်ဖော်ဆောင်ရွက်မည်ကို အောက်ဖော်ပြပါ အကြောင်းအရာများတွင်ဖတ်ရှုနိုင်ပါသည်။ အကယ်၍ လူကြီးမင်းအနေဖြင့် ထပ်မံသိရှိသည်များရှိပါက သုတေသီကိုဖြစ်စေ ယင်း၏ ကြီးကြပ်ကွပ်ကဲသူအားဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Contact details

Mai Van Tran
Brussels School of Governance, CD2I
Vrije Universiteit Brussel (VUB)
E-mail: mai.van.tran@vub.be
Telephone number: [redacted]

Trisha Meyer
Brussels School of Governance, CD2I
Vrije Universiteit Brussel (VUB)
E-mail: trisha.meyer@vub.be
Telephone number: +3226148001

---

ယခု သုတေသနသည် ဥရောပသမဂ္ဂမှ မှ အထောက်အပံ့ပေးထားသော postdoctoral fellowship ပါရဂူဘွဲ့လွန်အဆင့် ပညာသင်ဆု၏ တစ်စိတ်တစ်ပိုင်းသော လုပ်ဆောင်မှုဖြစ်ပါသည်။ သုတေသန၏ အဓိက ရည်ရွယ်ချက်သည် လက်ရှိဖြစ်ပေါ်လျက်ရှိသော မြန်မာ, ထိုင်း နှင့် ကန်ဘောဒီးယား နိုင်ငံတို့မှ လူမှုကွန်ရက်များ၏ အကြောင်းအရာထိန်းညှိခြင်းဆိုင်ရာ ကြိုးပမ်း/လှုပ်ရှားမှုများကို လေ့လာဆန်းစစ်နိုင်ရန်ဖြစ်ပါသည်။ **ဒစ်ဂျစ်တယ် ပလက်ဖောင်းများ၏ အကြောင်းအရာထိန်းညှိခြင်းဆိုင်ရာအလေ့အကျင့်အား ကြိုးပမ်းမှုများသည် မည်ရွေ့မည်မျှ**

**ပြောင်းလဲမှုဖြစ်စေနိုင်သနည်း** ဟူသောမေးခွန်းအား ဖြေရှင်းနိုင်ရန်ဖြစ်သည်။ ယခုသုတေသနအား Academic နှင့် Policy ဆိုင်ရာ ထုတ်ဝေမှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

ပါဝင်ဖြေဆိုသူများသည် မြန်မာ, ထိုင်း နှင့် ကန်ဘောဒီးယား နိုင်ငံတို့မှ လူမှုကွန်ရက်များပေါ်တွင် နိုင်ငံအရေးပါဝင်ပတ်သတ်လျက်ရှိသော ဒစ်ဂျယ်တယ်အခွင့်အရေးဆိုင်ရာ ထောက်ခံလှုပ်ရှားသူများနှင့် ဒီမိုကရေစီအရေးထောက်ခံလှုပ်ရှားသူများဖြစ်ပါသည်။

အမေးအဖြေ ဆွေးနွေးမှုများကို ဖြေဆိုသူအတွက် သင့်တင့်လျောက်ပတ်၍ လုံခြုံရေးစိတ်ချရပြီး ဖိအားကင်းမဲ့သော နေရာတွင် လူကိုယ်တိုင် တွေ့ဆုံ၍ဖြစ်စေ၊ end-to-end encrypted နည်းပညာအသုံးပြုထားသော ဆက်သွယ်ရေး နည်းစနစ်များဖြင့်ဖြစ်စေ ပြုလုပ်သွားမည်ဖြစ်ပါသည်။

အချက်အလက်များပါဝင်သော စာရွက်စာတမ်းအား အမေးအဖြေ ဆွေးနွေးမှု မတိုင်မီ တစ်ရက် သို့မဟုတ် ရက်အနည်းငယ် ကြိုတင်၍ ပါဝင်ဖြေဆိုသူထံ ပေးပို့ပေးသွားမည်ဖြစ်ပါသည်။ အမေးအဖြေ ဆွေးနွေးမှု မစတင်ခင်တွင် သုတေသီမှ သုတေသနတွင် ပါဝင်ဖြေဆိုသူ၏ သဘောတူညီမှုနှင့် ခွင့်ပြုချက်အားတောင်းခံပါမည်။ သဘောတူညီမှုနှင့် ခွင့်ပြုချက်တွင် "ကျွန်ုပ်သည် သုတေသီ၏ လက်မှတ်အမှတ်အသားဖြင့် ပေးပို့သော အချက်အလက်များပါဝင်သည့် စာရွက်စာတမ်းအား ရရှိပြီးဖြစ်သည်။ ဖော်ပြထားသော သုတေသနတွင် ပါဝင်ရန်နှင့် သိပ္ပံနည်းကျ သုတေသနထုတ်ဝေမှုအတွက် ကျွန်ုပ်၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို စီမံဆောင်ရွက်ပေးရန် သဘောတူပါသည်။ အမည်မဖော်လိုသူ အဖြစ် ကိုးကားရန်လည်း ခွင့်ပြုချက်ပေးပါသည်။ ကျွန်ုပ်၏အမည်ကိုတော့ ထုတ်ပြန်မည် မဟုတ်ကြောင်းနှင့် သုတေသနပြုလုပ်နေစဉ်အတွင်း အချက်အလက်များ၏ လျှို့ဝှက်ချက်ကိုလည်း အာမခံပါသည်။" ဟူသော အချက်များပါဝင်မည်ဖြစ်ပြီး ထိုသဘောတူညီချက်အား အသံဖမ်းယူမှတ်တမ်းတင်ထားလိုပါသည်။ အကယ်၍ ပါဝင်ဖြေဆိုသူမှ အမေးအဖြေ ဆွေးနွေးမှုတစ်ခုလုံးအား အသံဖမ်းယူခွင့်ပြုမည်ဆိုလျှင် "ကျွန်ုပ်၏အင်တာဗျူးအသံကို မှတ်တမ်းတင်ထားရန် သဘောတူပါသည်။" ဟူ၍ ခွင့်ပြုချက်အား ထပ်မံ၍မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။ ပါဝင်ဖြေဆိုသူသည် အင်တာဗျူးအတွင်း စကားပြန်တစ်ဦးရှိရန် သဘောတူပါကလည်း "ကျွန်ုပ်၏အင်တာဗျူးတွင် စကားပြန်ပါဝင်ခြင်းကို သဘောတူပါသည်။" ဟူ၍ နှုတ်ဖြင့် သဘောတူခွင့်ပြုခြင်းကိုလည်း ပါဝင်မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။

အသံဖမ်းယူမှတ်တမ်းတင်ခြင်းများကို ပါဝင်ဖြေဆိုသူ၏ တုံ့ပြန်မှုများအား ပြန်လည်သုံးသပ်ရာတွင် တိကျစွာရရှိနိုင်ရန် အသုံးပြုသွားမည်ဖြစ်ပါသည်။ ပါဝင်ဖြေဆိုသူအနေဖြင့် အသံဖမ်းယူမှတ်တမ်းတင်ခြင်းမပြုပဲလည်း သုတေသနတွင် ဆက်လက်ပါဝင်နိုင်မည်ဖြစ်ပါသည်။

အမေးအဖြေ ဆွေးနွေးမှုသည် အချိန်အားဖြင့် တစ်နာရီ မှ တစ်နာရီ နှင့် မိနစ် သုံးဆယ်ခန့် ကြာမြင့်နိုင်ပါသည်။

ပါဝင်ဖြေဆိုသူ၏ အထောက်အထားများကို သုတေသန စာတမ်း သို့မဟုတ် ထုတ်ဝေမှု မှ တဆင့် ဖော်ပြမှု မဖြစ်စေရန် သုတေသီမှ သေချာစေရန် စစ်ဆေးသွားမည်ဖြစ်ပါသည်။ သုတေသီသည် ပါဝင်ဖြေဆိုသူ၏ ကိုယ်ရေးအချက်အလက်များ (အမည်, အသက်, ကျား/မ/အခြား, လူမျိုးစု, ယုံကြည်ကိုးကွယ်မှု, အဖွဲ့အစည်းအမည်နာမ) စသည်တို့ကို မှတ်တမ်းတင်ထားမည် မဟုတ်ပါ။ သုတေသီနှင့် ပါဝင်ဖြေဆိုသူ၏ မည်သို့သော ဆက်သွယ်မှု မဆို end-to-end encrypted နည်းပညာအသုံးပြုထားသော ဆက်သွယ်ရေး နည်းစနစ်များမှတဆင့် ပြုလုပ်သွားမည်ဖြစ်ပါသည်။

အမေးအဖြေ ဆွေးနွေးမှုတစ်ခုစီတိုင်းပြီးဆုံးလျှင် ပါဝင်ဖြေဆိုသူများသည် ယင်း၏ဖြေဆိုမှုကို စာသားအဖြစ်ပြောင်းလဲထားခြင်းအား ပြန်လည်သုံးသပ်တည်းဖြတ်ခြင်း ပြုလုပ်နိုင်မည်ဖြစ်ပြီး မလိုချင်သော အပိုင်း များအားဖယ်ရှားနိုင်မည်ဖြစ်ပါသည်။

ပါဝင်ဖြေဆိုသူများအနေဖြင့်  သုတေသနမှတဆင့် အရှေ့တောင်အာရှတွင်း လူမှုကွန်ရက် ပလက်ဖောင်း၏ နိုင်ငံရေးဆိုင်ရာ အကြောင်းအရာထိန်းညှိရန် ကြိုးပမ်းလှုပ်ရှားမှု အား ပိုမိုနားလည်စေနိုင်မည်ဖြစ်ပြီး ယင်းနှင့်သက်ဆိုင်ရာ သိမှုများကိုလည်း ထပ်မံချဲ့ထွင်နိုင်မည်ဖြစ်ပါသည်။ သုတေသီမှလည်း သုတေသနမှ ရှာဖွေတွေ့ရှိချက်များကို ပါဝင်ဖြေဆိုသူများနှင့် ပြန်လည်မျှဝေသွားမည်ဖြစ်ပါသည်။

သုတေသနမှ ရှာဖွေတွေ့ရှိချက်များကို ထိရောက်သော နည်းဗျူဟာ လှုပ်ရှားမှုများရှိသည့် တက်ကြွလှုပ်ရှားသူများ အားလည်းအကြောင်းကြားသွားမည်ဖြစ်ပြီး ထိုသို့ဖြင့် ယင်းတို့၏ လက်ရှိလှုပ်ရှားမှု ကန်ပိန်းများတွင်ပေါင်းစပ်အသုံးချနိုင်မည်ဖြစ်သည်။ *ယခုကဲ့သို့ ပေါင်းစည်းလုပ်ဆောင်မှုသည် သက်ရောက်မှု အားဖြင့် ရေရှည်တွင် ပိုမိုလုံခြုံ၍ ပိုမိုပါဝင်နိုင်သော ဒစ်ဂျစ်တယ် အဝန်းအဝိုင်းကိုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။*

### Privacy and confidentiality

သုတေသီတစ်ဦးအနေဖြင့် အချက်အလက်စုဆောင်းခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တွင် လျှို့ဝှက်အပ်သောတာဝန်ဝတ္တရားရှိပါသည်။ ဥပမာအနေဖြင့် အများပြည်သူသို့ ဖြန့်ဝေသော အကြောင်းအရာတွင်သော်လည်းကောင်း အစည်းအဝေး တစ်ခုတွင်သော်လည်းကောင်း လူကြီးမင်း၏ အမည်နာမ သို့မဟုတ် အခြားသော လူကြီးမင်းအား အထောက်အထားဖြစ်စေသော

မည်သည့်အချက်အလက်ကိုမျှ ဖော်ပြသွားမည်မဟုတ်ကြောင်းတာဝန်ခံသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ တစ်ဦးချင်းရလဒ်များသည်လည်း မည်သည့်အခါမှ ထုတ်ပြန်သွားမည် မဟုတ်ကြောင်းကိုလည်း အသိပေးလိုပါသည်။

ဤသုတေသနပရောဂျက်တွင် လူကြီးမင်းထံမှကိုယ်ရေးကိုယ်တာအချက်အလက်များကို ကောက်ယူသွားမည်ဖြစ်ပါသည်။ သိပ္ပံနည်းကျ သုတေသန ပြုရာတွင် အချက်အလက်များကို ကောက်ယူခြင်းနှင့် စီမံခန့်ခွဲမှုများကို ပြုလုပ်နိုင်ခြင်းမှာ လူကြီးမင်း၏ ခွင့်ပြုချက်ကို ရရှိသောကြောင့် ဖြစ်ပါသည်။

အချက်အလက်စုဆောင်းခြင်းနှင့် စီမံဆောင်ရွက်ခြင်းသည် 2018 ခုနှစ် မေလ 25 ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သော ဥရောပအထွေထွေအချက်အလက်ကာကွယ်ရေးစည်းမျဉ်း (GDPR) မှ ချမှတ်ထားသော ဥပဒေစည်းမျဉ်းများနှင့်အညီဖြစ်ပါသည်။ ကျွန်ုပ်၊ Mai Van Tran သည် သင့်ကိုယ်ရေးကိုယ်တာအချက်အလက်များ၏ မှန်ကန်သောလုပ်ဆောင်မှုကို ကြီးကြပ်ပြီး၊ ဆက်စပ်သတင်းအချက်အလတ်တာဝန်များကိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အချက်အလက်များ ပေးဆောင်ရန် တာဝန်ဝတ္တရားအရ ကျွန်ုပ်သည် လူကြီးမင်းအား အသိပေးလိုပါသည်-

က။ လူကြီးမင်းထံမှ/လူကြီးမင်းနှင့်ပတ်သက်သည့် ဖော်ပြပါ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကျွန်ုပ်သီးခြား စုဆောင်းပါမည်- အသံဖမ်းယူမှုများ (Optional)၊ အဖွဲ့အစည်း၏အလုပ်နှင့် သက်ဆိုင်သူအမျိုးအစားများ၊ ဆိုရှယ်မီဒီယာလှုပ်ရှားမှုနှင့်ပတ်သက်၍ သက်ဆိုင်သူများ၏အတွေ့အကြုံနှင့် လူမှုမီဒီယာကုမ္ပဏီများနှင့် လူကြီးမင်းပါဝင်သောအဖွဲ့အစည်း၏ ထောက်ခံအားပေးမှုဆိုင်ရာ ထိတွေ့ဆက်ဆံမှု။

ခ။ VUB (Vrije Universiteit Brussel၊ Pleinlaan 2၊ 1050 Brussel၊ KBO 449.012.406) သည် လူကြီးမင်း၏အချက်အလက်အား ထိန်းချုပ်သူအဖြစ် လုပ်ဆောင်ပါသည်။

ဂ။ အထက်ဖော်ပြပါ လေ့လာမှု၏ ရည်ရွယ်ချက်အတွက် အချက်အလက်များကို စုဆောင်းပြီး စီမံဆောင်ရွက်ပါသည်။ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ စုဆောင်းထားသော အချက်အလက်များကို လေ့လာမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၅ နှစ်အထိ ထိန်းသိမ်းထားမည်ဖြစ်သည်။

ဃ။ ကျွန်ုပ်သည် လူကြီးမင်း၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို သိပ္ပံနည်းကျ ရည်ရွယ်ချက်များအတွက်သာ သုံးနိုင်စေရန်ရည်ရွယ်ပါသည်။

င။ လူကြီးမင်း၏အချက်အလက်ကို ဝင်ရောက်ကြည့်ရှုပြီး ပြုပြင်ပိုင်ခွင့်ရှိသည်။ အချက်အလက်ကို ဖျက်ပစ်ရန်၊ ၎င်းတို့၏ လုပ်ဆောင်မှုကို ကန့်သတ်ရန်၊ ၎င်းတို့၏ လုပ်ဆောင်ခြင်းကို ကန့်ကွက်ရန်နှင့် အချက်အလက်ကို ပြင်ပအဖွဲ့အစည်းများထံ လွှဲပြောင်းပေးရန်လည်း အခွင့်အရေးရှိသည်။ လူကြီးမင်းတွင်မေးခွန်းများရှိပါက သုတေသီနှင့်/သို့မဟုတ် သူမ၏ကြီးကြပ်ရေးမှူးထံ ဆက်သွယ်နိုင်ပါသည်။

စ။ အချက်အလက်ကို အချိန်မရွေး စီမံဆောင်ရွက်ပေးရန် သဘောတူညီချက်ကို ရုပ်သိမ်းပိုင်ခွင့်ရှိသည်။ သဘောတူညီချက်ကို ရုပ်သိမ်းခြင်းသည် ခွင့်ပြုချက်မရုပ်သိမ်းမီ ရရှိသော အချက်အလက်များ၏ တရားဝင်မှုကို သက်ရောက်မှုမရှိပါ။

ဆ။ လူကြီးမင်း၏အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ သုတေသီကသာ ကြည့်ရှုမည်ဖြစ်ပြီး အခြားအဖွဲ့အစည်းများနှင့် မျှဝေမည်မဟုတ်ပါ။

ဇ။ VUB ၏လမ်းညွှန်ချက်များနှင့်အညီ လူကြီးမင်း၏အချက်အလက်ကို သိမ်းဆည်းပြီး လုံခြုံစေမည်ဖြစ်သည်။

ဈ။ အခွင့်အရေးများကို ကျင့်သုံးလိုပါက သို့မဟုတ် အခွင့်အရေးများနှင့် ကိုယ်ရေးကိုယ်တာအချက်အလက်များကို လုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ မေးခွန်းများထပ်မံရှိပါက၊ လူကြီးမင်းသည် VUB ဒေတာကာကွယ်ရေးအရာရှိ- dpo@vub.be သို့ အချိန်မရွေးဆက်သွယ်နိုင်ပါသည်။

ည။ လူကြီးမင်း၏ကိုယ်ရေးကိုယ်တာလုံခြုံမှုကို အာမခံရန်အတွက် အောက်ပါကာကွယ်မှုအစီအမံများကို လုပ်ဆောင်ပါမည်-

- စုဆောင်းထားသောဒေတာများသည် ပထမတွင် အမည်မသိအဆင့်တွင် မရှိသောကြောင့် ၎င်းတို့ကို ကုဒ်များ (အမည်ဝှက်ခြင်း) အဖြစ်သို့ အမြန်ဆုံးပြောင်းလဲလိုက်ပါမည်။ ၎င်းသည် လူကြီးမင်းအား တိုက်ရိုက်ခွဲခြားသတ်မှတ်ရန် မဖြစ်နိုင်စေရန် ဖန်တီးထားသည့် ဒုတိယအချက်အလက်ဖြစ်သည်။ ထို့ကြောင့် ကုဒ်များကို မူရင်းအဓိပ္ပာယ်သို့ ပြန်ပြောင်းပေးနိုင်သည့် "ဘာသာပြန်သော့" ကို ဖန်တီးထားသည်။ သုတေသီ Mai Van Tran သာလျှင် ဤသော့ကို အသုံးပြုခွင့်ရှိပြီး အမည်ဝှက်မဟုတ်သော အချက်အလက်ကို အသုံးပြုနိုင်သည်။ ထိုသို့ဖြင့် သုတေသီတစ်ဦးတည်းသာ ဤဒေတာကို လူတစ်ဦးအဖြစ် လူကြီးမင်းထံသို့ ချိတ်ဆက်နိုင်စေရန် သေချာစေပါမည်။ ကုဒ်ဝှက်ခြင်းကီးကို သီးခြား လုံခြုံစွာ သိမ်းဆည်းထားမည်ဖြစ်သည်။

- အင်တာဗျူးအတွင်း ပြုလုပ်ထားသော အသံသွင်းချက်များအား  စာသားမှတ်တမ်းအဖြစ်သို့ အမြန်ဆုံးအသွင်ပြောင်းပြီး အသံသွင်းမှုများကို ဖျက်လိုက်ပါမည်။

- လူကြီးမင်း၏အချက်အလက်အား [redacted] တွင်သာ သိမ်းဆည်းထားမည်ဖြစ်သည်။ ၎င်းသည် တင်းကျပ်သောဝင်ရောက်ခွင့်အခြေအနေများရှိပြီး မြင့်မားသောကာကွယ်မှုပေးပါသည်။ ထို့ကြောင့်

လူကြီးမင်း၏အချက်အလက်ကို သုတေသီ၏ ကိုယ်ပိုင်ကွန်ပြူတာ သို့မဟုတ် USB stick တွင် (ဒေတာကို USB stick တွင် ကုဒ်ဝှက်ထားသည့်အခါမှလွဲ၍) တွင် မည်သည့်အခါမျှ သိမ်းဆည်းထားခြင်း မရှိကြောင်းနှင့် အီးမေးလ်ဖြင့် ထပ်ဆင့်ပေးပို့ခြင်းမပြုကြောင်းကိုလည်း သိရှိစေလိုပါသည်။

၄။ အဆုံးသတ်အနေဖြင့် လူကြီးမင်း၏အချက်အလက်အား ကိုင်တွယ်ပုံနှင့် ပတ်သတ်၍ တိုင်ကြားပိုင်ခွင့်လည်းရှိပါသည်။ အထူးသဖြင့် အချက်အလက်ကာကွယ်မှုဥပဒေများကို ပြဌာန်းရန် တာဝန်ရှိသော ဘယ်လ်ဂျီယံ ကြီးကြပ်ရေးအာဏာပိုင်သို့ ဆက်သွယ်လုပ်ဆောင်နိုင်သည်-

Gegevensbeschermingsautoriteit (GBA)
Drukpersstraat 35
1000 Brussel
Tel. +32 2 274 48 00
e-mail: contact@apd-gba.be
Website: www.gegevensbeschermingsautoriteit.be

၅။ DPO သို့မဟုတ် GBA နှင့် သင်၏ဆက်သွယ်မှုနှင့်ပတ်သက်၍ ဘာသာစကားအတားအဆီးများရှိပါက [redacted]တွင်ရရှိနိုင်သော အကျိုးအမြတ်မယူသောအသိုင်းအဝိုင်းနည်းပညာဆိုင်ရာအချက်အချာဖြစ်သည့် [redacted]မှ ဘာသာပြန်ဆိုပံ့ပိုးမှု ရယူနိုင်ပါသည်။

**Statement by the Researcher**

ကျွန်ုပ်၊ သုတေသီ Tran, Mai Van သည် ဤလေ့လာမှုနှင့်ပတ်သက်သော လိုအပ်သောအချက်အလက်များကို နှုတ်ဖြင့်လည်းကောင်း၊ ပါဝင်သူအား အချက်အလက်များ စာရွက်စာတမ်းမိတ္တူကိုလည်း ပေးထားကြောင်း ဖော်ပြကြေညာအပ်ပါသည်။

လေ့လာမှုတွင်ပါဝင်ရန် သူ/သူမ ၏သဘောတူခွင့်ပြုချက်ရရှိရန် ပါဝင်သူများကို ဖိအားမပေးကြောင်း ကျွန်ုပ်အတည်ပြုပြီး ပါဝင်သူများ ထပ်မံရှိလာမည့်မေးခွန်းများကိုလည်း ဖြေဆိုရန်ဆန္ဒရှိပါသည်။

ကျွန်ုပ်သည် "The Code for Scientific Research in Belgium" တွင်ဖော်ပြထားသည့် ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ကျွန်ုပ်၏ သုတေသနမှ သီးခြားသော ကျင့်ဝတ်ဆိုင်ရာ စည်းကမ်းအခြေခံမှုများကိုလည်း လိုက်နာမည်ဟု အတည်ပြုပါသည်။

General Data Protection Regulation (GDPR) တွင်ဖော်ပြထားသည့်အတိုင်း ကိုယ်ရေးကိုယ်တာအချက်အလက်များကို မှန်ကန်စွာလုပ်ဆောင်ခြင်းဆိုင်ရာ ဥပဒေဆိုင်ရာတာဝန်ဝတ္တရားများနှင့်အညီ လုပ်ဆောင်ကြောင်း အတည်ပြုပါသည်။

Name, First Name, Date and signature of researcher

Tran, Mai Van 28/12/2023